ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000 K 50000 K 50000

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊
တင်ဒါကော်မတီနှင့် Winning Way Co.,Ltd.တို့အကြားချုပ်ဆိုသည့်
Forklift (3 Tons)(၂)စီး အရောင်းအဝယ်သဘောတူစာချုပ်
(စာချုပ်အမှတ်၊ ၄၆ / ရန်ကုန်စည်ပင် / WW /၂၀၂၃-၂၀၂၄)

၁။ ဤသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ( ၅ ) ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဒေါ်နီနီအေး၊ ဌာနမှူး၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန (နောင်တွင် "ပစ္စည်းဝယ်ယူသူ"ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်)က တစ်ဖက်နှင့် ဒေါ်အင်ကြင်းဆွေ(၁၂/လကန(နိုင်)၂၀၃၉၇၇) ၊ Director ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အမှတ်(၅၈၉/၅၉၂)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့တွင်တည်ရှိသည့် Winning Way Co.,Ltd. (နောင်တွင်"ပစ္စည်းရောင်းချသူ"ဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ယင်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်)ကအခြားတစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို နှစ်ဖက်သဘောတူ ချုပ်ဆိုကြပါသည် -

ရည်ရွယ်ချက်

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင်အသုံးပြုရန်အတွက် Forklift (3 Tons) (၂) စီးကို စုစုပေါင်းကျသင့်ငွေ ကျပ် ၁၀၈,၀၀၀,၀၀၀/- (ကျပ်တစ်ရာရှစ်သန်းတိတိ)ဖြင့်ဌာန၏သတ်မှတ်နေရာအရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ဝယ်ယူမည့်ပစ္စည်း

၃။ ဝယ်ယူမည့် Forklift (3 Tons) (၂) စီး၏ အမျိုးအစား၊ အရေအတွက်၊ ဈေးနှုန်းနှင့်ကျသင့်ငွေတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပစ္စည်းအမျိုးအစား/ Brand | Forklift(3 Tons)/(Matador) |
| (ခ) | အရေအတွက် | (၂)စီး |
| (ဂ) | ဈေးနှုန်း | ကျပ်၅၄,၀၀၀,၀၀၀/-(ကျပ်ငါးဆယ်လေးသန်းတိတိ) |
| (ဃ) | ကျသင့်ငွေစုစုပေါင်း | ကျပ်၁၀၈,၀၀၀,၀၀၀/-(ကျပ်တစ်ရာရှစ်သန်းတိတိ) |

၄။ ဝယ်ယူမည့်ပစ္စည်း၏ ထုတ်လုပ်သည့်နိုင်ငံ၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်ပေးပို့ရမည့်ဌာနမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ထုတ်လုပ်သည့်နိုင်ငံ | China |
| (ခ) | Country of Origin | China |
| (ဂ) | ထုတ်လုပ်သည့်ခုနှစ် | 2023 |
| (ဃ) | ပေးပို့ရမည့်ဌာန | မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန |
| (င) | ပူးတွဲပါစာရွက်စာတမ်းများ | စံချိန်စံညွှန်း (Specification) သတ်မှတ်ချက်များ |

၃၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တင်ဒါကော်မတီနှင့် Winning Way Co., Ltd.တို့အကြားချုပ်ဆိုသည့် Forklift (3 Tons)(၂)စီး ပေးသွင်းခြင်းအတွက် အရောင်းအဝယ်သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ပစ္စည်းဝယ်ယူသူနှင့် ပစ္စည်းရောင်းချသူတို့သည် ကောင်းစွာသဘောပေါက် နားလည်ကြသဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လ(၅ )ရက်နေ့မှစ၍ တိကျစွာလိုက်နာဆောင်ရွက်ကြမည် ဖြစ်ကြောင်း အောက်တွင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးကြပါသည် -

| ပစ္စည်းဝယ်ယူသူ(ကိုယ်စား) | ပစ္စည်းရောင်းချသူ(ကိုယ်စား) |
| --- | --- |
| (ဒေါ်နီနီအေး)<br>အတွင်းရေးမှူး၊ တင်ဒါကော်မတီ<br>ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန | (ဒေါ်အင်ကြင်းဆွေ)<br>Director<br>Winning Way Co.,Ltd |

သက်သေများ

| | |
| --- | --- |
| ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန | (ဦးချစ်ဆန်းကို)<br>General Manager<br>Winning Way Co.,Ltd |

အတည်ပြုသူ

ဥက္ကဋ္ဌ
တင်ဒါကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ